## ချင်းပြည်နယ်

## ကျေးရွာထင်းစိုက်ခင်းဥပဒေ

**(၂၀၁၃ခုနှစ်၊ ချင်းပြည်နယ်လွှတ်တော် ဥပဒေအမှတ်-၇)**

**၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ရက်**

**(၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်)**

### အခန်း(၁)

### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို ချင်းပြည်နယ်ကျေးရွာ ထင်းစိုက်ခင်း ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **“ပြည်နယ်”**ဆိုသည်မှာ ချင်းပြည်နယ်ကို ဆိုသည်။

(ခ) **“ပြည်နယ်အစိုးရ”**ဆိုသည်မှာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **“ဝန်ကြီး”**ဆိုသည်မှာ ချင်းပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီးကို ဆိုသည်။

(ဃ) **“ဝန်ကြီးဌာန”** ဆိုသည်မှာ ချင်းပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီးဌာနကို ဆိုသည်။

(င) “ဦးစီးဌာန”ဆိုသည်မှာ ချင်းပြည်နယ်သစ်တောဦးစီးဌာနကို ဆိုသည်။

(စ) “ညွှန်ကြားရေးမှူး”ဆိုသည်မှာ ချင်းပြည်နယ်သစ်တောဦးစီးဌာန၏ ညွှန်ကြားရေးမှူးကို ဆိုသည်။

(ဆ) “သစ်တောအရာရှိ”ဆိုသည်မှာ ချင်းပြည်နယ်၊ခရိုင်းသို့မဟုတ်မြို့နယ်သစ်တောဦးစီးဌာန၏အကြီးအကဲကို ဆိုသည်။

(ဇ) “ကော်မတီ”ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းပေးထားသော ကျေးရွာထင်းစိုက်ခင်းကြီးကြပ်ရေးကော်မတီကို ဆိုသည်။

(ဈ) “သစ်တောနယ်မြေ”ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းသတ်မှတ်ကြေညာထားသည့် ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောတို့ ပါဝင်သည့် နယ်မြေကို ဆိုသည်။

(ည) “အစိုးရစီမံခန့်ခွဲခွင့် ရှိသောမြေ” ဆိုသည်မှာ တည်ဆဲဥပဒေအရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ပိုင်ခွင့်၊ လက်ဝယ်ထားခြင်း၊ အသုံးပြုခွင့် အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ်လွှဲပြောင်းပိုင်ခွင့် ရှိသောမြေမှအပ အခြားမြေများကို ဆိုသည်။

(ဋ) “ထင်းဆိုသည်မှာ” လောင်စာအဖြစ်အသုံးပြုရန်သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စကို ဆိုသည်။

GIRDAC

(ဌ) “ထင်းစိုက်ခင်း”ဆိုသည်မှာ ထင်းအဖြစ် အသုံးပြုနိုင်ရန်အတွက် သစ်တောဦးစီးဌာနကဖြစ်စေ၊ ကျေးရွာလူထုကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သက်ဆိုင်ရာခွင့်ပြုချက်အရ စိုက်ပျိုးတည်ထောင်ထိန်းသိမ်းထားသော ထင်းစိုက်ခင်းကို ဆိုသည်။

(ဍ) “ကျေးရွာပိုင်ထင်းစိုက်ခင်း” ဆိုသည်မှာ သစ်တောဦးစီးဌာနက နှစ်အကန့်သတ်အလိုက် စိုက်ပျိုးထိန်းသိမ်းပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက်ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း သို့မဟုတ် သက်ဆိုင်ရာခွင့်ပြုချက်အရ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်းကို ဆိုသည်။

(ဎ) “အသုံးပြုသူများအဖွဲ့”ဆိုသည်မှာ သက်ဆိုင်ရာကျေးရွာထင်းစိုက်ခင်းကို စိုက်ပျိုးထိန်းသိမ်းသုံးစွဲရန် ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းထားသောအစုအဖွဲ့ကို ဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးရွာပိုင်ထင်းစိုက်ခင်းများတည်ထောင်ခြင်းဖြင့် ချင်းပြည်နယ်၏ စီးပွားဖွံ့ဖြိုးမှုကို တစ်စိတ်တစ်ပိုင်းမှ အထောက်အကူပြု မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသော ကာကွယ်တော များတွင်ထင်းစိုက်ခင်းများ သို့မဟုတ် ကျေးရွာစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူပြုစေရန်နှင့် စဉ်ဆက်မပြတ်အကျိုးစီးပွားများ ခံစားနိုင်ရန်၊

GIRDAC

(ခ) ထင်းစိုက်ခင်းသို့မဟုတ်ကျေးရွာပိုင်ထင်းစိုက်ခင်းကို ကျေးရွာလူထုကစုပေါင်းစိုက်ပျိုးပြီး စနစ်တကျထုတ်ယူသုံးစွဲခြင်းဖြင့် သဘာဝလောင်စာတိုးမြှင့်အသုံးပြုနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းမှ ကာကွယ်ရန်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရသင့်ရထိုက်သည့် အခွန်အခများရရှိစေရန်။

## အခန်း(၃)

## ထင်းစိုက်ခင်းသို့မဟုတ်ကျေးရွာပိုင်စိုက်ခင်းတည်ထောင်ခြင်း

၄။ ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်စိုက်ခင်းတည်ထောင်လိုသူသည် သစ်တောဥပဒေပါ အခြေခံမူများအရ သစ်တောဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ညွှန်ကြားရေးမှူးထံလျှောက် ထားရမည်။

၅။ ညွှန်ကြားရေးမှူးသည် ပုဒ်မ-၄အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍စိစစ်ချက်နှင့် သဘောထားမှတ်ချက်ပေးရန် သက်ဆိုင်ရာကော်မတီသို့ တောင်းခံရမည်။

၆။ ညွှန်ကြာရေးမှူးသည် သက်ဆိုင်ရာကော်အတီ၏ စိစစ်ချက်သဘောထားမှတ်ချက်တို့ကိုရရှိလျှင်-

(က) ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်လိုသော နယ်မြေဒေသသည် သစ်တောနယ်မြေအတွင်းဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထားမှတ်ချက် နှင့်အတူ ပြည်ထောင်စု အစိုးရအဖွဲ့သို့တင်ပြရမည်။

(ခ) ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်လိုသောနယ်မြေဒေသသည် အစိုးရစီမံခန့်ခွဲခွင့် ရှိသောမြေတွင် ဖြစ်ပါက ကော်မတီ၏ စိစစ်ချက်၊ သဘောထား မှတ်ချက် နှင့်အတူ ပြည်နယ်ဝန်ကြီးဌနမှတဆင့် အစိုးရထံသို့ တင်ပြရမည်။

၇။ ပြည်နယ်ဝန်ကြီးသည်-

(က) ညွှန်ကြားရေးမှူးက ပုဒ်ပ-၆၊ ပုဒ်မခွဲ(က)အရ တင်ပြချက်အပေါ် သစ်တောနယ်မြေအတွင်းတွင် ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့်ကို ခွင့်ပြုသည့် အမိန့်ချမှတ်ရမည်။

(ခ) ပုဒ်မ-၆၊ ပုဒ်မခွဲ(ခ)အရအစိုးရကစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်မြေတွင် ထင်းစိုက်ခင်းသို့မဟုတ် ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့်ကို အစိုးရ၏ သဘောတူညီချက်ဖြင့်ခွင့်ပြုမိန့်ထုတ်ပေးရမည်။

၈။ အစိုးရအဖွဲ့သည်ပုဒ်မ-၇၊ ပုဒ်မခွဲ(ခ)အရဝန်ကြီးက တင်ပြသည့် ထင်းစိုက်ခင်းသို့မဟုတ်ကျေးရွာပိုင်ထင်းစိုက်ခင်းတည်ထောင်ခွင့်လျှောက်ထားချက်ကို ခွင့်ပြုသည့် သို့မဟုတ်ခွင့်အပြုသည့်အမိန့်ထုတ်ပေးရမည်။

၉။ ညွှန်ကြားရေးမှူးသည် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့၏ ခွင့်ပြုသည့် သို့မဟုတ် ခွင့်မပြုသည့် အမိန့်ထုတ်ပေးရမည်။

GIRDAC